# အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့ ကျင်းပမည်

သတင်းရင်းမြစ် > ယုဝေ
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၀ နာရီ ၀၆ မိနစ်

---

လာမည့် နိုဝင်ဘာ ၂၀ တွင် ကျရောက်မည့် ၂၄ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့ကို မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက် ကျင်းပမည်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ကလေးသူ ငယ်များနေ့ ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဝါဝါထွန်းက အောက်တိုဘာ ၂၄ တွင် မဇ္ဈိမကို ပြောသည်။

ယင်းသို့ ကျင်းပရန် အစီအစဉ်ရှိသော်လည်း ကျင်းပမည့်နေရာကိုမူ အတိအကျ မသိရသေးပေ။

ဒေါ်ဝါဝါထွန်းက "ကန်တော်ကြီးမှာပဲ လုပ်ဖြစ်မယ် ထင်ပါတယ်။ နေရာမရရင်တော့ တိုင်းရင်းသားကျေးရွာမှာ လုပ်ဖြစ်မှာပါ" ဟု ပြောသည်။

အဆိုပါပွဲတွင် ဟောပြောပွဲများ၊ ကလေးများ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ပြဇာတ်များ၊ ဂိမ်းများ၊ ကလေး အဆိုတော် များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ အဆိုတော် ချစ်သုဝေ၏ ဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်သည်။

အခမ်းအနား ပြုလုပ်ရသည့် ရည်ရွယ်ချက်များမှာ ကလေးငယ်များ၏ အခွင့်အရေးအား လူတိုင်း သိရှိနားလည်နိုင်
စေရန်၊ ရွှေ့ပြောင်းသွားလာနေသည့် ကလေးငယ်များ (child of the move) ၏ ဒုက္ခအား သိရှိ နားလည်နိုင်စေ ရန်နှင့် ကလေးငယ်များ၏ အခွင့်အရေးအား အာဏာပိုင်၊ ဆရာ၊ဆရာမများနှင့် အုပ်ထိန်းသူများမှ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန်တို့ ဖြစ်သည်။

အခမ်းအနားကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဖျော်ဖြေပွဲတွင် တင်ဆက်မည့် ကလေးငယ် များမှာ အသက် ရှစ်နှစ်မှ ၁၈ နှစ်အောက် ကလေးငယ်များ ဖြစ်သည်။ အဆိုပါ အခမ်းအနားအား ကလေးငယ်နှင့် မိဘ စုစုပေါင်း ၃၅၀ ကျော် တက်ရောက်မည်ဖြစ်ဟု ခန့်မှန်းထားကြောင်းလည်း ၎င်းက ပြောသည်။

ယင်းအပြင် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ကလေးငယ်များနေ့တွင် ရန်ကုန်မြို့နယ် ငါးမြို့နယ်မှ စုစည်းထားသည့် လူငယ်များ ပါဝင်သော အဖွဲ့က ကလေးသူငယ်များ ရသင့်ရထိုက်သည့် အခွင့်အရေးနှင့် ပတ်ဝန်းကျင်လူထုအတွက် ပြဇာတ်က၍ လိုက်လံ ဖျော်ဖြေသွားမည်ဖြစ်ပြီး ယင်းမှာ ပထမဆုံး ဖျော်ဖြေခြင်းဖြစ်သည်ဟု လူ့အခွင့်အရေး ပညာပေးဌာန(မြန်မာနိုင်ငံ) က မဇ္ဈိမကို ပြောဆိုထားသည်။

အဆိုပါ ပညာပေးပြဇာတ် ကပြနိုင်ရန်အတွက် နိုဝင်ဘာတွင် ၁၀ ရက်အထိ ရန်ကုန်မြို့YMCA ခန်းမတွင် စခန်းသွင်း
လေ့ကျင့်မှုပြုလုပ်မည် ဖြစ်သည်။

အဆိုပါအခမ်းအနားကို NGO Child Working Group မှ ဦးစီးပြမည်ဖြစ်ပြီး ယင်းအဖွဲ့အစည်းနဲ့ ဆက်စပ်လျက်ရှိ သည့် အဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်မည်ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));
Post
by
Mizzima - News in Burmese
.